# ဗုဒ္ဓဘာသာပစ္စည်းလေးပါး

## ထောက်ပံ့ရေးအဖွဲ့

## Buddhist Essential Support Trust

## (BEST)

Newsletter No.5

Registered Charity No.1094424

သတင်းလွှာအမှတ် (၅)

68 Basselt gardens Osterley
Isleworth TW7 4QY

| မြန်မာသက္ကရာဇ် | သာသနာတော်နှစ် | ခရာဇ်နှစ် |
|---|---|---|
| ၁၃၇၁ | ၂၅၅၃ | ၂၀၀၉ |

〈၁〉

## 'နာဂစ်မုန်တိုင်းနှင့် ဗုဒ္ဓဘာသာပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့၏ ကယ်ဆယ်ရေး ဆောင်ရွက်ချက်'

လွန်ခဲ့သောနှစ်က လူပေါင်းသိန်းချီ၍ သေဆုံးစေခဲ့သော နာဂစ်လေမုန်တိုင်းဘေး ကြုံခဲ့ရပြီးနောက် ဗုဒ္ဓဘာသာ ပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းသည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ ပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့ဝင်များသို့ ဆက်သွယ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပါသည်၊ ကထိန်ခင်းရန်ထားခဲ့သော ငွေထဲမှ တစ်ဝက်ခန့်ကို ကယ်ဆယ်ရေးတွင်သုံးရန်နှင့် ထိုငွေကို ယူကေမှအစားပြန်ထိုးပေးမည်ဟု အကြောင်းကြားခဲ့ပါသည်၊

ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာပစ္စည်းလေးပါး အဖွဲ့ဝင်များကလည်း ၄င်းတို့တတ်စွမ်းသလောက် အလှူခံပြီး ချက်ခြင်းပင် စက်လှေငယ်တစ်စီးငှား၍ ဒုက္ခပင်လယ်ဝေ ဒေသများသို့ ခက်ခက်ခဲခဲ သွားရောက်ကြပြီး သောက်ရေသန့်နှင့် စားနပ်ရိက္ခာများ အခြားကယ်ဆယ်ရေး ပစ္စည်းများကို ဒုက္ခရောက် ပြည်သူများလက်သို့ တိုက်ရိုက် ဖြန့်ဝေ ကူညီနိုင်ခဲ့ပါသည်၊ ဤကဲ့သို့ ဗုဒ္ဓဘာသာပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့က ထိထိရောက်ရောက် ကူညီဆောင်ရွက်နေသည်ကို သတင်းဂျာနယ်များက တခမ်းတနား ဖော်ပြခဲ့သဖြင့် အများပြည်သူတို့ သိရှိသွားကြပြီး ဗုဒ္ဓဘာသာပစ္စည်းလေးပါးအဖွဲ့သို့ လာရောက်၍ ကယ်ဆယ်ရေး ပစ္စည်းများ ငွေများ လှူဒါန်းကြပါသည်၊ ပြည်တွင်းမှ သာမက ပြည်ပရှိ စေတနာရှင်များကလည်း စေတနာထက်သန်စွာဖြင့် ငွေများ ပေးပို့ခဲ့၍ နာဂစ်လေမုန်တိုင်း ကယ်ဆယ်ရေးတွင် ဗုဒ္ဓ–ဘာသာပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့က သိန်း(၇၀၀) (သိန်းခုနှစ်ရာ) တန်ကြေးရှိသော ကယ်ဆယ်ရေး ပစ္စည်းများကို ဒုက္ခရောက်ပြည်သူများလက်သို့ရောက်အောင်ပေးပို့ ကယ်ဆယ်နိုင်ခဲ့ပါသည်၊ ထိုဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းဂျာနယ်များ၏ ရေးသားချက်များနှင့် ဗီဒီယိုမှတ်တမ်းများ ဥက္ကဋ္ဌဦးနေဝင်း အိမ်တွင်ရှိရာ စေတနာရှင်များ အချိန်မရွေး လာရောက်ကြည့်ရှု၍ သာဓုခေါ်နိုင်ကြကြောင်း အစီရင်ခံအပ်ပါသည်။

မုန်တိုင်းဘေး ကြုံခဲ့ရပြီး မကြာမီပင် တိသရဏကျောင်းတိုက်သို့ ရောက်နေသော လပွတ္တာမြို့ လေးထပ်ကျောင်း ဆရာတော်အား ဒေါ်လာ(၅၀၀) မော်ကျွန်း

ကနစိုချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်ရန် ဒေါ်လာ (၁၀၀၀) မုန်တိုင်းထိ မြစ်ဝကျွန်းပေါ်ဒေသတွင် ပျက်စီးသွားသော ဘုရားကျောင်းကန်နှင့် သာသနိကအဆောက်အအုံများ ပြုပြင်ရန် သီတဂူဆရာတော်သို့ ဒေါ်လာ (၁၅၀၀)စသည်ဖြင့် ပဏာမလှူဒါန်းခဲ့ပြီး (၂၀၀၈)ခု နိုဝင်ဘာလထဲတွင် ဥက္ကဋ္ဌ ဦးနေဝင်း မြန်မာနိုင်ငံသို့ သွားရောက်ပြီး မုန်တိုင်းထိ ဒေသများကို အဓိကထား၍ အောက်ပါ အလှူဒါနများကို ဆက်လက် ပြုလုပ်နိုင်ခဲ့ပါသည်။

(၂၀၀၈)ခု နိုဝင်ဘာလ (၁၂)ရက်နေ့တွင် ရန်ကုန်မြို့ ပါရမီရပ်ကွက်ရှိ ဝိဇ္ဇောတာရုံ ကျောင်းတိုက်တွင် ကျပ်ငွေသိန်းနှစ်ဆယ်(၂၀၀၀၀၀၀) တန်ဖိုးရှိ ကထိန်သင်္ကန်းကပ်လှူပွဲ ပြုလုပ်ခဲ့ပါသည်၊ ထိုကထိန်သင်္ကန်း ကပ်လှူပွဲသို့ အမှုဆောင် ဘဏ္ဍာထိန်းလူကြီး တစ်ဦးဖြစ်သူ ဒေါက်တာ ဦးမြင့်သိန်း ကိုယ်တိုင်တက်ရောက်၍ ၎င်း၏ဇနီး ဒေါ်ဥမ္မာသိန်း လှူဒါန်းလိုက်သော ဘောပင်များကို သံဃာတော်များအား ကထိန်အရံပစ္စည်းအဖြစ် ဆက်ကပ်လှူဒါန်း နိုင်ခဲ့ပါသည်၊ ယူကေမှ အလှူရှင်များဖြစ်သော ဒေါ်ကြည်ကြည်ချစ်နှင့် ဒေါ်ယုယုဒင်တို့လည်း ကထိန်သင်္ကန်း ကပ်လှူပွဲကို တက်ရောက်ကြည်ညို ကုသိုလ်ယူနိုင်ခဲ့ကြပါသည်၊ ကထိန်သင်္ကန်း ကပ်လှူပွဲတွင် ဝိဇ္ဇောတာရုံ ဆရာတော်ကြီးကိုယ်တိုင် ကထိန်သင်္ကန်း အကပ်ခံတော်မူ၍ တရားဓမ္မဟောကြားပြီး ရေစက်ချပေးတော်မူခဲ့ပါသည်၊ သံဃာတော်(၁၅၀) တို့အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို လှူဒါန်း၍ ဆွမ်းဆက်ကပ်ပြီး လျှင် ကြွရောက်လာကြသော ဧည့်ပရိသတ် တစ်ရာခန့်ကိုလည်း နေ့လည်စာဖြင့် တည်ခင်း ဒါနပြုနိုင်ခဲ့ပါသည်။

ဗုဒ္ဓဘာသာပစ္စည်းလေးပါး အဖွဲ့က ကထိန်သင်္ကန်း ကပ်လှူပြီးနောက် အောက်ပါ ကယ်ဆယ်ရေးဆိုင်ရာ အလှူဒါနများကိုလည်း ဆက်လက်၍ ပြုလုပ်နိုင်ခဲ့ပါသည်၊ ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် နာဂစ်မုန်တိုင်းကြောင့် အဆောက်အဦးများ ပြိုကျ ပျက်စီးခဲ့သော ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာရှိ ဓမ္မဥသျှောင် ပရဟိတ သီလရှင်စာသင်တိုက်နှင့် မူလတန်းကျောင်းသို့ ကျပ်ငွေ (၃၀၀၀၀၀) သုံးသိန်း၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ကျောင်းသူ ကျောင်းသား သာမဏေ သီလရှင် တစ်ထောင်ကျော်အား အခမဲ့ပညာသင်ကြားပေးနေသော ဆရာတော် ဦးဇာနေယျ ဦးစီးသည့် မြောက်ဥက္ကလာ ဓမ္မမေဒိနီ ပရဟိတကျောင်းသို့ ကျပ်ငွေ

(၅၀၀၀၀၀) ငါးသိန်း၊ ဒီဇင်ဘာလ (၂၉)ရက်နေ့တွင် လေမုန်တိုင်း ဒါဏ်ကြောင့် ဘုရားတန်ဆောင်းများ ပျက်စီး ပြိုကျခဲ့သော ကဒုံကျေးရွာတွင် အပျက်အစီးများ ပြုပြင်ရန် ကျပ်ငွေ(၁၃၀၀၀၀၀) တစ်ဆဲ့သုံးသိန်း၊ (၂၀၀၉)ခု ဇန္နဝါရီလ (၁၅)ရက် နေ့တွင် တိပိဋက စာကျက်သံဃာတော်များ သီတင်းသုံးရန် ဆောက်လုပ်နေသည့် သံဃိကကျောင်းအတွက် ကျပ်ငွေ (၃၀၀၀၀၀)သုံးသိန်း၊ ဇန္နဝါရီလ(၂၄)ရက်နေ့ တွင် နာဂစ်မုန်တိုင်း ကျရောက်စဉ်က ကျောင်းသူ ကျောင်းသားတို့ အသက်ဆုံးရှုံး သည်အထိ ဖြစ်ခဲ့ရသော မိဘမဲ့ကလေးများအား ပညာသင်ကြားပေးနေသည့် တွံတေး ကော့မှူးမြို့နယ် ဘုရားကြီးကျေးရွာရှိ မင်္ဂလာတိုက်ကျောင်းသို့ ကျပ်ငွေ (၇၀၀၀၀၀) ခုနှစ်သိန်း၊ ဇန္နဝါရီလ (၂၅)ရက်နေ့တွင် ရွှေပြည်သာရှိ ဘုန်းတော်ကြီး သင် တေဇာရာမ ပရဟိတကျောင်းသို့ ကျပ်ငွေ(၄၀၀၀၀၀) လေးသိန်း။

အဆောက်အဦး မလုံလောက်မှုကြောင့် စာသင်သား ရဟန်းတော်များ ဆင်း ဆင်းရဲရဲ ဖြစ်နေသည့် ရွှေပြည်သာ တောရွာလေးကျေးရွာရှိ ရတနာပန်းကုံးကျောင်း သို့ ကျပ်ငွေ(၄၅၀၀၀၀) လေးသိန်းငါးသောင်း၊ ဇန္နဝါရီလ (၂၆)ရက်နေ့တွင် ဒဂုံ မြို့သစ် အရှေ့ပိုင်းရှိ အေးရိပ်သာ ပရဟိတစာသင်ကျောင်းသို့ (၁၀၀၀၀၀)တစ်သိန်း၊ ဇန္နဝါရီလ(၂၉)ရက်နေ့တွင် လက်ပန်တန်းမြို့နယ် သိုက်ဝါးချောင်း ဟံသာအေး မိဘမဲ့ ကလေးများ စောင့်ရှောက်ရေးကျောင်းသို့ ကျပ်ငွေ(၇၀၀၀၀၀) ခုနှစ်သိန်း၊ ဗုဒ္ဓဘာသာ ပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့ မြန်မာနိုင်ငံ အဖွဲ့ခွဲသို့ ကျပ်ငွေ တစ်သိန်း (၁၀၀၀၀၀) အခြား အထွေထွေ နှင့် စာသင်သား ရှင်သာမဏေ၊ စာချ ဆရာတော် စသည်များသို့ လှူငွေ(၁၀၈၀၀၀) ကျပ်တစ်သိန်းရှစ်ထောင်၊ လှူဒါန်းခဲ့ရာ ဗုဒ္ဓဘာသာပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့က (၂၀၀၈နှင့်၂၀၀၉)ခု ဇန္နဝါရီလအထိ အလှူငွေ စုစုပေါင်း သိန်းတစ်ရာကျော် (၁၀၇၄၈၀၀၀)ကျပ်၊ တစ်ရာ့ခုနှစ်သိန်း လေးသောင်း ရှစ်ထောင်ကျပ်ကို လှူဒါန်းနိုင်ခဲ့ပြီး အလှူရှင်များ ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုနိုင်ကြပါသည်။

(၂၀၀၈/၂၀၀၉)တွင် ပေါင်ငွေနှင့် ကျပ်ငွေ လဲလှယ်နှုန်းထားတွင် ပေါင်ငွေ ဈေး ကျဆင်းနေသည့်ကြားထဲမှ သိန်းတစ်ရာကျော် လှူဒါန်းနိုင်ခဲ့ခြင်းမှာ အလှူရှင် များ၏ သဒ္ဓါတရား ကြီးမားထက်သန်မှုကို ပြခြင်းပင်ဖြစ်ပါသည်။

## '၂၀၀၉ခုနှ၊ ၂၀၁၀အတွက် အလှူငွေများ လှူဒါန်းကြပါရန် နှိုးဆော်ဖိတ်ခေါ်ခြင်း'

၂၀၀၈ နှင့် ၂၀၀၉ခုနှစ်တွင် မုန်တိုင်းထိ ဒေသများကိုသာ အဓိကထား၍လှူဒါန်းခဲ့သဖြင့် မြေလတ်နှင့်အထက်ပိုင်း ဒေသရှိ ပရိယတ္တိစာသင်တိုက်များနှင့် ပရဟိတကျောင်းများ စသည်တို့သို့ လုံးဝမလှူဒါန်းနိုင်ခဲ့ပါ၊ ယခု၂၀၀၉ ခု ၂၀၁၀ခုတွင် ထိုဒေသများနှင့်တကွ မြန်မာနိုင်ငံ အောက်ပိုင်းရှိ ပရိယတ္တိစာသင်တိုက်များကို ဦးစားပေး လှူဒါန်းရန် အထူးလိုအပ်နေပါသည်၊ သာသနာတော်တည်တန့်ခိုင်မြဲရေးတွင် ပရိယတ္တိစာပေသင်ကြားမှုမှာ ပဓာန အဓိက အရေးကြီးကြောင်း အများသိကြပြီး ဖြစ်ပါသည်၊ ပရိယတ္တိတည်းဟူသော ကံပေါင်ခိုင်မှ ပဋိပတ္တိတည်းဟူသော ရေရှိမည်၊ ပဋိပတ္တိတည်းဟူသော ရေရှိမှ ပဋိဝေဓတည်းဟူသော ကြာပန်း ကြာစွယ်တို့ကို စားသုံးနိုင်ကြပါမည်၊ သို့ဖြစ်ပါ၍ စေတနာရှင်များ အနေဖြင့် သဒ္ဓါတရား ဆထက်တိုး၍ လှူဒါန်းကြပါရန် လေးစားစွာဖြင့် မင်္ဂ ဖိုလ်နိဗ္ဗာန် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်း လိုက်ရပါသည်။

အလှူငွေကို---BEST<br>
68,Basselt Gardens<br>
Osterley Isleworth<br>
TW7 4QY သို့ ပေးပို့နိုင်ကြပြီး ချက်လက်မှတ်တွင် Payable to BEST ဟုရေးသားပေးပို့ လှူဒါန်းနိုင်ကြပါသည်။

### ၂၀၀၈/ ၂၀၀၉ အလှူရှင်များစာရင်း

| | |
|---|---|
| ဦးနေဝင်း+ဒေါ်ခင်ဝင်းမြ | ၂၃၆၀ |
| ပါမောက္ခရောဘတ်တေလာ | ၂၀၀၀ |
| ဒေါက်တာမင်းစိန်+ဒေါ်ဇာနည်ဝင်း | ၁၄၀၀ |
| မလှဲ့လှဲ့ဝင်း | ၁၀၀၀ |
| ဒေါက်တာဦးကျော်သင်း+ဝိ | ၄၅၀ |
| ဒေါက်တာဦးအောင်မြင့် | ၄၀၀ |
| ဒေါ်ယဉ်မေ(သား)ဒေါက်တာကျော်ညိမ်း | ၃၀၀ |
| Mr မိုက်ကယ်ဂရေဟန် | ၂၀၀ |

| | |
|---|---|
| ဒေါက်တာဦးခင်မောင်သောင်း+ဒေါက်တာတင်အုံးမြင့် | ၂၀၀ |
| ဒေါက်တာညီညီ+ဒေါက်တာဒေါ်မျိုးအေး | ၂၀၀ |
| ဒေါက်တာမာလာအေး | ၁၇၀ |
| ဒေါက်တာဦးမြင့်သိန်း+ဒေါ်ဥမ္မာသိန်း | ၁၀၀ |
| ဒေါက်တာဦးမြင့်ဝင်း | ၁၀၀ |
| ဒေါက်တာဦးအေးနိုင်+ဒေါ်သန်းသန်းချို | ၁၀၀ |
| ဘရင်ဒါတင်တင်မြိုင် စတင်နလေ | ၁၀၀ |
| ဒေါ်အေးအေးဝင်း | ၁၀၀ |
| အေကေ ဂျွန်ဆင်မိုး+ဆယ်လီမိုး | ၉၀ |
| ဒေါက်တာကျော်ဇေယျ | ၇၁ |
| ဒေါက်တာကိုကိုလှိုင်+ဒေါ်နုနုစံ | ၆၀ |
| ဒေါက်တာဇေယျာရွှေ+ဒေါက်တာဒေါ်မိုးစန်း | ၅၀ |
| ဒေါက်တာဦးစိုးလွင် | ၅၀ |
| ဒေါက်တာမြသန်း | ၅၀ |
| ဒေါက်တာစိုးအောင် | ၅၀ |
| ဒေါက်တာမင်းညို+ဒေါ်ခင်မြဆွေ | ၅၀ |
| ဒေါက်တာလှဘူး+ဒေါက်တာစိုးညွန့်ရွှေ | ၅၀ |
| ဒေါက်တာဦးအေးငွေ | ၅၀ |
| ဦးတင်အောင် | ၅၀ |
| ဦးထွန်းဝင်း+ဒေါ်ခင်ဖြူဖြူစိုး | ၅၀ |
| ဒေါက်တာဦးခင်မောင်ထွန်း+ဒေါ်ချိုချို | ၄၀ |
| ဦးအောင်ကျော်နိုင်+ဒေါက်တာလဲ့လဲ့ခိုင် | ၃၀ |
| ဒေါက်တာဦးအောင်သိန်း+ဒေါ်သန်းသန်း | ၃၀ |
| ဒေါ်မော်လီစိုး | ၃၀ |
| ဒေါ်တင်တင်ဝင်း | ၃၀ |
| ဦးအောင်ချစ်+ဒေါ်ကြည်ကြည်ချစ် | ၃၀ |
| ဦးမြင့်ဆွေ+ဒေါ်သန်းသန်းမြင့် | ၃၀ |